# မိုးကြိုး သတင်းစဉ်

အရေးတော်ပုံစာမျက်နှာ


# ခေါင်းဆောင်များအဖမ်းခံလိုက်ရသော်လည်း (၈၈)မျိုးဆက်များ၏ လှုပ်ရှားမှုအရှိန်မပျက် ကုလသမဂ္ဂနှင့် နိုင်ငံတကာကြီးကြပ်သော ဆန္ဒခံယူပွဲများပြုလုပ်ရန်တောင်းဆို



**အမိမြေကိုစွန့်ခွာထွက်ပြေးလာသော**

မြန်မာပြည်သူလူထု၏ ဆန္ဒအမှန်ဖော်ထုတ်ရန် နိုင်ငံတကာနှင့်ကမ္ဘာ့ကုလသမဂ္ဂတို့ကကြီးကြပ်၍ ပြည်သူ့ဆန္ဒခံယူပွဲတရပ်ကျင်းပပေးရန် (၈၈) မျိုးဆက်ကျောင်းသားများက နိုဝင်ဘာလ (၃) ရက်နေ့က နအဖထံ တောင်းဆိုထားသည်။

ပြည်သူသို့အသိပေးသော (၈၈) မျိုးဆက်များ၏ကြေညာချက်တွင် ''နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲ ပေါ်ပေါက်ရေးသည် မြန်မာပြည်သူလူထု၏ သဘောထားအစစ်အမှန်ဖြစ်သည်ကို အတည်ပြုပေးရန်အတွက် နိုင်ငံတကာမိသားစုနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့မှ ကြီးကြပ်၍ ဆန္ဒခံယူပွဲကျင်းပပေးရန် အလေးအနက်ပန်ကြားအပ်ပါသည်'' ဟုဖော်ပြပါရှိသည်။

စစ်အစိုးရသည် (၁၉၉၀) ပြည့် ရွေးကောက်ပွဲရလဒ်နှင့် လတ်တလော ပြည်သူ့ဆန္ဒအဆိုပြုလွှာလက်မှတ်များကို မျက်ကွယ်ပြုနေသဖြင့် ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်ကြောင်း (၈၈) မျိုးဆက်များကပြောသည်။

နိုဝင်ဘာလ (၂) ရက်နေ့သတင်းစာရှင်းလင်းပွဲတွင် နအဖပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၈၈) မျိုးဆက်ကျောင်းသားများဦးဆောင်၍ လူထုဆန္ဒလက်မှတ်များ၊ အဖြူရောင်လှုပ်ရှားမှုနှင့် ဘာသာပေါင်းစုံ စုပေါင်းဝတ်ပြုဆုတောင်းပွဲများကို ဝေဖန်လိုက်ပြီးနောက်တွင် (၈၈) မျိုးဆက်များက လက်တွေ့ကျသော တောင်းဆိုမှုဖြင့် ထပ်ဆင့်စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် နအဖပြန်ကြားရေးဝန်ကြီးကျော်ဆန်းက (၈၈) မျိုးဆက်ကျောင်းသားများ၏လှုပ်ရှားမှုများသည် လူထု၏ သာမန်နေ့စဉ်နေထိုင်ကိုးကွယ်မှုအပေါ် အမြတ်ထုတ်ခြင်းဖြစ်သဖြင့် လူထုက မကျေမနပ်ဖြစ်နေကြောင်းဝေဖန်ခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် လူထုထောက်ခံမှုရှိ၊ မရှိဆိုသော သတင်းထောက်တဦး၏အမေးကို ဗိုလ်မှူးချုပ်ကျော်ဆန်းက စီးပွားရေးပိတ်ဆို့မှုကိုအကြောင်းပြကာ လူထုထောက်ခံမှုမရှိတော့ကြောင်း ဒေါသဖြင့်တုံ့ပြန်ဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲသို့တက်ရောက်ခဲ့သော သတင်းထောက်တဦးက ''ဒီစီးပွားရေးပိတ်ဆို့မှုတွေ ဘာကြောင့်ဖြစ်လာလဲလို့ ဆက်မေးမိရင် ဘယ်လိုနေမလဲမသိဘူး။ ယမ်းပုံမီးကျဖြစ်မှာသေချာတယ်'' ဟု ပြောသည်။

(၈၈) မျိုးဆက်ကျောင်းသားများသည် အဖမ်းဆီးခံနေရသော ခေါင်းဆောင်များလွှတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် တောင်းဆိုလက်မှတ်ထိုးထားသော လူထုလက်မှတ် (၅) သိန်းကျော်ရရှိထားပြီးဖြစ်သဖြင့် အင်အားစုအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးရေးအမြန်ဖော်ဆောင်ရန် နအဖအကြီးအကဲထံ ယခင်ကလည်း အသိပေးထားသည်။ ❖

**ကျနော်တို့က ဒီမိုကရေစီဖြစ်ပေါ်ပြောင်းလဲမှုကိုပဲ တောင့်တတယ်။ ပြည်သူလူထုတရပ်လုံး ပူးပေါင်းပါဝင်နိုင်တဲ့ ငြိမ်းချမ်းသောနည်းကိုပဲ ကျနော်တို့ရွေးချယ်မှာဖြစ်ပါတယ်။ (မင်းကိုနိုင်)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် – ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်။
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်။

ကြေညာချက် – ၁၂/ ၀၉/၀၆

၁။ ၁၉၈၈ ခုနှစ် မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီးနှင့်ကိုဌေးကြွယ်တို့အား ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့ နံနက်တွင် သက်ဆိုင်ရာအာဏာပိုင်တို့က လူကြီးများနှင့်တွေ့ဆုံရန်ဟုဆိုကာ ခေါ်ယူသွားခဲ့ရာ ယခုအချိန်ထိ မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည်မရောက်ရှိသေးကြောင်း ကြားသိရပါသည်။

၂။ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့သည် မြန်မာနိုင်ငံကြုံတွေ့နေရသော နိုင်ငံရေးအကျပ်အတည်းများမှ လွတ်မြောက်နိုင်စေရန် အမျိုးသားရင်ကြားစေ့ရေးကို ပံ့ပိုးဆောင်ရွက်နေသောသူများဖြစ်သည့်အပြင် ၎င်းတို့အသီးသီးသည် မည်သည့် တစုံတရာကိုမှ ကျူးလွန်ခြင်းရှိသည်ကို ကြားသိရခြင်းမရှိဘဲ ယခုကဲ့သို့ ဖမ်းဆီးခဲ့ခြင်းမှာ လုံးဝမသင့်လျော်သည့်လုပ်ရပ်ဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကမြန်မာနိုင်ငံတွင် ဒီမိုကရေစီထူထောင်မည်ဟု ပြောကြားချက်များနှင့်လည်း ဆန့်ကျင်သည့်လုပ်ရပ်ဖြစ်ပါသည်။

၃။ ဖမ်းဆီးခံနေကြရသောသူများဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ကိုဌေးကြွယ်တို့အား ဥပဒေအမှတ် ၅/၉၆ ဖြစ်သော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှကာကွယ်သည့်ဥပဒေကို သိရှိနားလည်ကြောင်း လက်မှတ်အသီးသီးရေးထိုးစေသည်ဟု ကြားသိရပါသည်။ ယင်းလုပ်ရပ်မှာကျင့်သုံးမြဲဖြစ်သည့် ဥပဒေသဘောတရားနှင့်မညီညွတ်သော မလိုအပ်သည့် လုပ်ရပ်သာဖြစ်ပါသည်။

သို့ပါ၍ မတရားဖမ်းဆီးခံထားရသောကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့အား အမြန်ဆုံးခြွင်းချက်မရှိလွှတ်ပေးရန် တောင်းဆိုကြောင်း ကြေငြာလိုက်သည်။

၂၈၊ ၉၊ ၂၀၀၆ ရက်နေ့က ကျင်းပပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းဝေးဆုံးဖြတ်ချက်အရ

ရန်ကုန်မြို့
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

❖ ❖ ❖

## ဘာသာရေးအသင်းအဖွဲ့ များမှဘာသာရေးခေါင်းဆောင်ကြီးများခင်ဗျား

မြန်မာနိုင်ငံသူနိုင်ငံသားတွေငြိမ်းချမ်းဖို့ အောက်တိုဘာ (၂၉) ရက် တနင်္ဂနွေနေ့မှ နိုဝင်ဘာ (၄) ရက်တနင်္ဂနွေနေ့အတွင်း သက်ဆိုင်ရာ ဘာသာရေးအထွဋ်အမြတ်ပရဝုဏ်များမှာ မေတ္တာပို့ဝတ်ပြုဆုတောင်းပေးကြပါရန် ကျနော်တို့ (၈၈) မျိုးဆက်ကျောင်းသားများက အနူးအညွတ်တိုက်တွန်းလိုပါတယ်။

အခုလိုမေတ္တာပို့၊ ဝတ်ပြု၊ ဆုတောင်းပွဲတွေပြုလုပ်ရတာကတော့ ....
၁။ တိုင်းပြည်၏ မငြိမ်းချမ်းသောပြဿနာများကို မေတ္တာရှေ့ထား၍ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန်။
၂။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ရေဘေးဒဏ်ခံပြည်သူများ ကြုံတွေ့နေရသော လူမှုဒုက္ခအဝဝမှ လွတ်မြောက်ရန်ငြိမ်းချမ်းသာယာမှုရစေရန်။
၃။ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ဆင်းရဲကျပ်တည်း အချုပ်အနှောင်ခံရခြင်းတို့မှ လွတ်ကင်းစေရန် ကျနော်တို့ရည်ရွယ်ပါသည်။

ကျနော်တို့ ထပ်မံအနူးအညွတ်တောင်းပန်ချင်တာကတော့ ....
မေတ္တာပို့ ဝတ်ပြုဆုတောင်းရန် သက်ဆိုင်ရာဘာသာရေး အထွဋ်အမြတ်ပရဝုဏ်များသို့သွားရာမှာ အင်္ကျီအဖြူဝတ်၊ ဖယောင်းတိုင်ကိုင်၍သွားကြပါရန် တောင်းပန်အပ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားများ

## လှုပ်ရှားမှု မှတ်တမ်း



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒနေသော အဖွဲ့ချုပ် အဖွဲ့ဝင်များ (ဇွန် ၁၉၊ ၂၀၀၆)



ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ်ပြည့် မွေးနေ့ အခမ်းအနားသို့တက်ရောက်လာသော မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ၈၈ မျိုးဆက်ကျောင်းသားများ (ဇွန် ၁၉၊ ၂၀၀၆)



အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုရန် အာဇာနည်ဗိမ္မာန်ဆီ ချီတက်ရာလမ်းတွင် အာဏာပိုင်များနှင့် ထိပ်တိုက်တွေ့နေသော အဖွဲ့ချုပ်ဝင် လူငယ်များ (ဇူလိုင် ၁၉၊ ၂၀၀၆)



မတရားဖမ်းဆီးခံထားရသော (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များ လွတ်မြောက်ရေး လူထုဆန္ဒလက်မှတ်များကို မန္တလေးတိုင်းစည်းရုံးရေးမှူး ဒေါ်ဝင်းမြမြမှ (၈၈) ကျောင်းသားခေါင်းဆောင် ကိုဂျင်မီထံသို့ လွှဲအပ်ပေးစဉ် (အောက်တိုဘာ ၁၈၊ ၂၀၀၆)



(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ (၄၄) နှစ်ပြည့်မွေးနေ့သို့ တက်ရောက်လာသော ရဟန်းပျိုတပါးက မင်းကိုနိုင်လွတ်မြောက်ရေးအတွက် တောင်းဆို လက်မှတ်ထိုးစဉ်။ (အောက်တိုဘာ ၁၈၊ ၂၀၀၆)

သို့
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ပြည်ထောင်စုမြန်မာနိုင်ငံတော်

နေ့စွဲ ။ ။ ၂၇၊ အောက်တိုဘာ၊ ၂၀၀၆။

အကြောင်းအရာ ။ ။ အာဏာပိုင်များမှ ခေါ်ယူမေးမြန်းရန် ထိန်းသိမ်းထားသော ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် (၅) ဦးကို ပြန်လွှတ်ပေးရန်နှင့် ပြည်သူလူထု၏သဘောထားဆန္ဒ အစစ်အမှန်အတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေး စေ့စပ်ဆွေးနွေးပွဲများစတင်ရန် တင်ပြခြင်း။

၁။ ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများနှင့် လုပ်သားပြည်သူလူထု၏ ဆန္ဒပြုလွှာ လက်မှတ်ရေးထိုးခြင်းကို (၂၊ ၁၀၊ ၂၀၀၆) မှ (၂၃၊ ၁၀၊ ၂၀၀၆) အထိကောက်ခံရာ လက်မှတ်ပေါင်း ၅၃၅,၅၈၀ (ငါးသိန်း၊ သုံးသောင်း၊ ငါးထောင့် ငါးရာ့ရှစ်ဆယ်) ရရှိခဲ့ပါသည်။ ယင်းမှာ မြန်မာပြည်သူများသည် ၎င်းတို့၏ဆန္ဒ အစစ်အမှန်ကို ဖော်ထုတ်ပြသခဲ့ခြင်းဖြစ်ပေသည်။

၂။ မြန်မာနိုင်ငံအား စစ်မှန်သောဒီမိုကရေစီနိုင်ငံတနိုင်ငံအဖြစ် တည်ဆောက်ရာတွင် ယခုလက်ငင်းရင်ဆိုင်နေရသော အမျိုးသားပြန်လည်သင့်မြတ်ရေး စေ့စပ်ဆွေးနွေးခြင်းဖြင့်သာ ငြိမ်းချမ်းစွာအသွင်ကူးပြောင်း တည်ဆောက်သွားနိုင်မည်ဟု ကျွန်ုပ်တို့ အလေးအနက်ယုံကြည်သည်။

၃။ ယခု အာဏာပိုင်များက သတင်းစာပါ သတင်းမှား၊ အချက်အလက်မှားများဖြင့် ခေါ်ယူမေးမြန်းခံနေရသော မင်းကိုနိုင်၊ မင်းဇေယျ၊ ကိုကိုကြီး၊ ဌေးကြွယ်၊ ပြုံးချို စသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် (၅) ဦးမှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကိုယ်ကျိုးမဖက် တစိုက်မတ်မတ်ကြိုးစားခဲ့ကြသူများဖြစ်သည်။ ၎င်းတို့သည် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိသလို ကျူးလွန်ရန် ဆန္ဒရှိသူများလည်း မဟုတ်ကြပါ။

၄။ သို့ဖြစ်ပါသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်သူလူထု၏သဘောထားဆန္ဒကို လေးစားငဲ့ညှာသောအားဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော ကျောင်းသားခေါင်းဆောင် (၅) ဦးကို ပြန်လည်လွှတ်ပေးပါရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး စေ့စပ်ဆွေးနွေးပွဲများကို ဖြစ်နိုင်သည့်အခြေအနေမှ အမြန်ဆုံးစတင်ပေးကြပါရန် ကျွန်ုပ်တို့မှ တင်ပြအပ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားများ

❖ ❖ ❖

ရဟန်းပျိုများသမဂ္ဂ (ရန်ကုန်)
ကြေညာချက်

ရက်စွဲ ။ ။ ၂၀၀၆၊ အောက်တိုဘာလ (၁၅) ရက်။

၁။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းအား တွေ့ဆုံဆွေးနွေးရေးဖြင့်သာ အဖြေရှာရန်တိုက်တွန်းနေသော ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုပြုံးချို၊ ကိုမင်းဇေယျာတို့အား ဖမ်းဆီးထိန်းသိမ်းထားခြင်းကို ရဟန်းပျိုများသမဂ္ဂမှ ပြင်းထန်စွာရှုံ့ချလိုက်ကြောင်း သိစေအပ်သည်။

၂။ ၎င်းတို့အားလွှတ်ပေးရန်လည်း အလေးအနက်တောင်းဆိုသည်။

၃။ အကယ်၍ မလိုက်လျောပါက ပတ္တနိက္ကုဇ္ဇနကံ (သပိတ်မှောက်ဆောင်ခြင်း) ကိုပြုလုပ်သွားမည်ဟု စစ်အစိုးရအားသတိပေးလိုက်သည်။

၄။ သာသနာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတဝန်းရှိရဟန်းသံဃာများမှ လိုက်ပါလုပ်ဆောင်ကြရန်ကိုပါ ရဟန်းပျိုများသမဂ္ဂ (ရန်ကုန်) မှ မေတ္တာရပ်ခံတောင်းဆိုလိုက်ပါသည်။

ရဟန်းပျိုများသမဂ္ဂ (ရန်ကုန်)

❖

## လှုပ်ရှားမှု မှတ်တမ်း



(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ (၄၄) နှစ်ပြည့်မွေးနေ့တွင် မိခင်ဖြစ်သူနှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များမှ အဖမ်းခံထားရသော မွေးနေ့ရှင်အတွက် ဆုတောင်းပေးနေစဉ် (အောက်တိုဘာ ၁၈၊ ၂၀၀၆)



အဖြူရောင်ဖော်ပြချက် လှုပ်ရှားမှု၏ နောက်ဆက်တွဲ၊ တပြည်လုံးအတိုင်းအတာနှင့်ပြုလုပ်သော ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲပထမနေ့တွင် ထောင်နှင့်ချီသော ဒီမိုကရေစီရေးလှုပ်ရှားသူများက ရွှေတိဂုံရင်ပြင်ပေါ်တွင် ဆုတောင်းနေစဉ် (အောက်တိုဘာ ၂၉၊ ၂၀၀၆)



(၈၈) မျိုးဆက်ကျောင်းသားများ ကမကထပြုလုပ်သော ဘုံကထိန်ပွဲတွင် ခွပ်ဒေါင်းပုံ ငွေပဒေသာပင်နှင့်အတူ တွေ့မြင်ရသော (၈၈) မျိုးဆက်ကျောင်းသားများ (နိုဝင်ဘာ ၄၊ ၂၀၀၆)



သိပ္ပံကျောင်းတိုက်တွင် ပြုလုပ်သော (၈၈) မျိုးဆက်ကျောင်းသားများ ကမကထပြုလုပ်သော ဘုံကထိန်ပွဲရေစက်ချပွဲ (နိုဝင်ဘာ ၄၊ ၂၀၀၆)



ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဂမ်ဘာရီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များအား ဆွေးနွေးပွဲအပြီးတွင်တွေ့ရစဉ် (နိုဝင်ဘာ ၁၁၊ ၂၀၀၆)

# မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များကို ပုဒ်မ ၅ (ည) ဖြင့် ထောင်ချရန် ကြံစည်

မတရားအဖမ်းဆီးခံထားရသော (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် (၅) ဦးကို ၅ (ည) ပုဒ်မတပ်၍ ဗဟန်းမြို့နယ် တရားရုံးတွင် ယခုလ (၆) ရက်နေ့က လူမသိသူမသိ ရမန်ယူသွားကြောင်း (၈၈) မျိုးဆက်များက ပြောသည်။

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျာ၊ ကိုဌေးကြွယ်နှင့် ကိုပြုံးချိုတို့ကို တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်လှုံ့ဆော်မှုဖြင့် တရားစွဲနိုင်ရန် အထောက်အထားများရှိသည်ဟု နိုဝင်ဘာ (၃) ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီကပြောသည်။

စက်တင်ဘာလကုန်ပိုင်းတွင် ၎င်းကျောင်းသားခေါင်းဆောင်များကို မြန်မာအာဏာပိုင်များက ခေတ္တခေါ်ယူ ဆွေးနွေးရန်ဟု အကြောင်းပြကာ ဖမ်းဆီးသွားပြီး တလကျော်အကြာတွင် ထောင်ချရန် စီစဉ်ခြင်းဖြစ်သည်။

“၈၈ ခုနှစ်၊ ၈၉ ခုနှစ်တွေတုန်းက ကျနော်တို့ ဖမ်းဆီးထိန်းသိမ်းခံရတုန်းကဆို ပုဒ်မ ၅ (ည) ပဲ၊ ပြီးတဲ့အခါ ၁၀ (က) ပြောင်းတယ်။ တကယ်တမ်းထောင်ချတော့ ၅ (ည) တွေရော၊ (၁၇) တွေရော အကုန်လုံးတပ်ပြီး ထောင်ချတာဗျ။ အဲဒီပုံစံမျိုးလည်း ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်ပေါ့ဗျာ။ ဘာမှပြောလို့တော့မရသေးဘူး”ဟု(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုမြအေးကပြောသည်။

အဖမ်းခံထားနေရသော ခေါင်းဆောင်များ ပြန်လွှတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ မြန်မာပြည်ငြိမ်းချမ်းရေးတို့အတွက် (၈၈) မျိုးဆက်ကျောင်းသားများသည် လက်မှတ်ကောက်ခံပွဲများ၊ အဖြူရောင်ဖော်ပြချက်လှုပ်ရှားမှုနှင့် ဆုတောင်းပွဲများကို မကြာခင်က ပြည်တွင်း၌ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ ❖

# သံဃာ့နာယကအဖွဲ့၏ညွှန်ကြားချက်အပေါ် သံဃာများမကျေနပ်

ပြည်တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများအရှိန်ရနေချိန်တွင် နိုင်ငံတော်သံဃာ့နာယကအဖွဲ့ကထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်ပတ်သက်၍ သံဃာများအကြားတွင် မကျေမနပ်ပြောဆိုမှုများရှိနေကြောင်း သိရသည်။

စည်းကမ်းတင်းကြပ်ထားသော ညွှန်ကြားချက်တစောင်ကို စက်တင်ဘာ (၂၈) ရက်နေ့ နေ့စွဲဖြင့် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ဒုဥက္ကဋ္ဌ ဆရာတော်နှင့် တွဲဘက် အကျိုးတော်ဆောင်ဆရာတော်တို့လက်မှတ်ထိုးထုတ်ပြန်ခဲ့သည့် သံဃာတော်များအား ညမထွက်ရအမိန့်ကိစ္စနှင့်ပတ်သက်၍ သံဃာများအကြားတွင် မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။

ယင်းညွှန်ကြားလွှာတွင် တားမြစ်ဆုံးမဩဝါဒပေးရန်ကိစ္စဟု ဖော်ပြထားသော်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၉၅)၊ ၁၉၅ (က) တို့ဖြင့် အရေးယူနိုင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များအား ညွှန်ကြားထားပြီးဟု ဖော်ပြထားသည်။

ည (၉) နာရီမှ နံနက် (၄) နာရီအတွင်း ကျောင်းတိုက်ပြင်မထွက်ရန် တားမြစ်ထားသောစာတွင် ညွှန်ကြားချက်ကို မလိုက်နာ၍ အရေးယူခံရသောသံဃာများဘက်မှ အကာအကွယ်အကူအညီမပေးကြရန်လည်း တားမြစ်ထားသည်။

ရန်ကုန်မြို့ဝန်ကျင်းတွင် ပျံ့နှံ့နေသော ယင်းညွှန်ကြားချက်ကို မကျေနပ်သဖြင့် နိုဝင်ဘာလ (၁) ရက်နေ့က သံဃဒူတအမည်ပေးထားသော သံဃာအဖွဲ့တဖွဲ့က သံဃာ့နာယကအဖွဲ့ထံ စာတစောင်ပေးပို့ ဆွေးနွေးထားကြောင်းသိရသည်။ ❖

## နိုင်ငံတကာမိသားစုနှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်မှကြီးကြပ်၍ မြန်မာပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကိုဖော်ထုတ်ပြသခွင့်ပေးပါရန်တင်ပြချက်။

နေ့စွဲ ၃၊ နိုဝင်ဘာ၊ ၂၀၀၆

(၁) မြန်မာနိုင်ငံတွင် ပြည်သူလူထု၏စစ်မှန်သောဆန္ဒကို တပ်မတော်အစိုးရမှ အမြဲတစေ ငြင်းဆန်ပစ်ရန်ကြိုးစားပါသည်။

(၂) တပ်မတော်အစိုးရကိုယ်တိုင် ကျင်းပပြုလုပ်ပေးခဲ့သော (၁၉၉၀) ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်သူတရပ်လုံးက မိမိတို့၏ ဆန္ဒသဘောထားအစစ်အမှန်ကို ထုတ်ဖော်ပြသခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိ မျက်ကွယ်ပြုပစ်ပယ်ခြင်းခံနေရသည်။

(၃) ယနေ့ကာလတွင်လည်း မြန်မာပြည်လူထု၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် လိုလားတောင့်တသောဆန္ဒသဘောထားကို ထုတ်ဖော်ပြသနိုင်ရန် (၈၈) မျိုးဆက်ကျောင်းသားများမှ လက်မှတ်ရေးထိုးရန်၊ Signature Campaign အနေဖြင့် (၂၀၀၆) အောက်တိုဘာ (၂) ရက်မှ (၂၃) ရက်နေ့အထိ လူထုဆန္ဒခံယူမှုတရပ် ဦးဆောင်ပြုလုပ်နိုင်ခဲ့သည်။ ထိုအစီအစဉ်တွင် မြန်မာပြည်သူလူထု (၅၃၅,၈၀၀) မှမိမိတို့၏ဆန္ဒသဘောထားများကို ရွေးချယ်ဆုံးဖြတ်ခွင့်ရှိသည့်အလျောက် အခက်အခဲများကြားမှ ရဲရဲဝံ့ဝံ့ ပါဝင်လက်မှတ်ရေးထိုးဖော်ပြခဲ့သည်။

(၄) သို့ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်သူလူထု ဆန္ဒအစစ်အမှန်ကို သေးသိမ်အောင်ပြုလုပ်၍ ငြင်းဆန်ပစ်ပယ်ရန်ကြိုးစားလာသည့်အပြင် ပါဝင်ဆောင်ရွက်သူများကိုလည်း အကြပ်ကိုင်ဖိအားပေးလျက်ရှိသည်။

(၅) အထက်ပါအကြောင်းများကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ (၁၉၉၀)ပြည့်နှစ်ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲ ပေါ်ပေါက်လာရေးမှာ မြန်မာပြည်သူလူထု၏ သဘောထားအစစ်အမှန်ဖြစ်သည်ကို အတည်ပြုနိုင်ရန်အတွက် နိုင်ငံတကာမိသားစုနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်တို့မှကြီးကြပ်၍ ဆန္ဒခံယူပွဲကျင်းပပေးပါရန် အလေးအနက်ပန်ကြားအပ်ပါသည်။

(၈၈) မျိုးဆက်ကျောင်းသားများ



# မေတ္တာရှင်၏ လက်

မေတ္တာရှင်၏ လက်
ထာဝရမှော်လျက်
ပေးသောလက်။

မေတ္တာငတ်သူ
လက်ဖြန့်ယူပါ။

မေတ္တာပေး၍
မေတ္တာပြန်ရခြင်း
မေတ္တာပြန်မရခြင်း
စဉ်းစားစရာအလုပ်
မေတ္တာရှင်အတွက် မဟုတ်

မဆုတ်ယုတ်သော သဒ္ဒါ
မေတ္တာရှင်၏လက်
ထာဝရမှော်လျက်
ပေးသောလက်။ ။

မင်းကိုနိုင်
၁၁ အောက်တိုဘာ၊ ၂၀၀၆

